# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၄) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း။ | ၄ |
| ၃။ | ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာမြန်မာကျပ်ငွေဖြင့်လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၅ |
| ၄။ | အိန္ဒိယနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော တရားမဝင်ကျောက်ကပ်ရောင်းဝယ်ခြင်း ဖြစ်စဉ်များ။ | ၆-၇ |
| ၅။ | Deepfake Image အသုံးပြု၍ လိင်ပိုင်းဆိုင်ရာရုပ်ပုံနှင့်ဗီဒီယိုများကိုပြုလုပ်ခြင်း ဖြန့်ဝေခြင်းကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်း။ | ၈-၉ |
| ၆။ | ဒုတိယကမ္ဘာစစ်အတွင်း အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းခံရသူများကို လျော်ကြေး ပေးစေရန်အတွက် တောင်ကိုရီးယားနိုင်ငံတရားရုံးက ဂျပန်ကုမ္ပဏီအပေါ် အမိန့်ချမှတ်ခြင်း။ | ၁၀-၁၁ |
| ၇။ | ပြင်သစ်နိုင်ငံတွင် ထိန်းသိမ်းခြင်းခံလိုက်ရသည့် တယ်လီဂရမ် (Telegram) တည်ထောင်သူ Pavel Durov ။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၄)　　　　၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ထားသည့် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကထုတ်ပြန်ထားသည့် လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ ဗဟိုလယ်ယာစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၈.၈.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၅၄/၂၀၂၄) ဖြင့် ၂၀၂၄ ခုနှစ်၊ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၃၀.၈.၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၃၀၂/၂၀၂၄) ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ တည်ငြိမ်သောလျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် ရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ် မြင့်မားလာမှုကြောင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများအား ပြင်ဆင်သတ်မှတ်ရန် လျှပ်စစ်ဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ၁.၉.၂၀၂၄ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဟု ထုတ်ပြန်ကြေညာခဲ့ပါသည်။

လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ်ကျခံသုံးစွဲရမှုကိုလျှော့ချနိုင်ရန် ကုန်ကျစရိတ်များအား ကာမိသောလျှပ်စစ်ဓာတ်အားခနှုန်းထားများကို ပြင်ဆင်သတ်မှတ်ခဲ့ရာ အိမ်သုံးအမျိုးအစား (နေအိမ်သုံး၊

အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာ အဆောက်အအုံ)အတွက် ၁ ယူနစ်မှ ၅၀ ယူနစ်အထိ ၅၀ ကျပ်၊ ၅၁ ယူနစ်မှ ၁၀၀ ယူနစ်အထိ ၁၀၀ ကျပ်၊ ၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်အထိ ၁၅၀ ကျပ်၊ ၂၀၁ ယူနစ်နှင့်အထက် ၃၀၀ ကျပ်၊ အိမ်သုံး မဟုတ်သည့်အမျိုးအစား (စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီ သုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ) အတွက် ၁ ယူနစ်မှ ၅,၀၀၀ ယူနစ်အထိ ၂၅၀ ကျပ်၊ ၅,၀၀၁ယူနစ်မှ ၂၀,၀၀၀ ယူနစ်အထိ ၄၀၀ ကျပ်၊ ၂၀,၀၀၁ ယူနစ်နှင့်အထက် ၅၀၀ ကျပ်ဖြင့် သတ်မှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို MLIS Website တွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၄) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်

## ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၂၀၂၄ ခုနှစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂၃ ဖြင့် ၂၉-၃-၂၀၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၄/၂၀၂၄ ဖြင့် ၂၈-၈-၂၀၂၄ ရက်နေ့တွင် ပြင်ဆင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ တွေ့ရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ရွှေစင်၊ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါသည်။

ထို့ပြင် ယခင်က ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် တစ်ရာခိုင်နှုန်းသာ ကျသင့်မည်ဖြစ်သော်လည်း ယခုအခါပြင်ဆင်သည့်ဥပဒေအရ သုံးရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ရွှေစင်၊ ရွှေတုံးများ(စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)ရောင်းချခြင်းမှ ရောင်းရငွေနှင့် ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံနိုင်ရေးနှင့် ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေနှင့် ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန်တိုးမြှင့်ကောက်ခံနိုင်ရေးပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၄) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်

## ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ပြင်ဆင်သတ်မှတ်ရေးနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာကို **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးအရအဖွဲ့၏ သဘောတူညီချက်ဖြင့်** ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ပါသတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ထားကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပြန်ကြားရေးဝန်ကြီးဌာန

## အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော တရားမဝင်ကျောက်ကပ်ရောင်းဝယ်ခြင်း ဖြစ်စဉ်များ

အိန္ဒိယနိုင်ငံတွင် ကျောက်ကပ်ရောဂါဖြစ်ပွားမှုမြင့်မားလာပြီး လူနာအများအပြားသည် ကုသမှုကို ပျက်ကွက်ခြင်း၊ အစားထိုးဆေးဝါးပြောင်းလဲခြင်း သို့မဟုတ် တတ်နိုင်သော သို့မဟုတ် လက်လှမ်းမီနိုင်သော ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများမရှိခြင်းကြောင့် သေဆုံးမှုများဖြစ်ပွားလျက်ရှိပါသည်။ သို့ဖြစ်၍ အိန္ဒိယအစိုးရသည် ဝင်ငွေမြင့်မားသည့်နိုင်ငံများတွင်ပြုလုပ်သည့် သေဆုံးသူများထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသခြင်းကိုမြှင့်တင်ရန် ကြိုးစားလျက်ရှိရာ အစားထိုးအများဆုံးသောကိုယ်အင်္ဂါအစိတ်အပိုင်းမှာ ကျောက်ကပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အစိုးရမှ ကိုယ်တွင်းအင်္ဂါများ အလွဲသုံးစားလုပ်ခြင်းပြဿနာကို ဖြေရှင်းရန်နှင့် သေဆုံးသူအလှူရှင်များမှ ကိုယ်တွင်းအင်္ဂါများ မျှတစွာခွဲဝေပေးခြင်းကိုရရှိစေရန် ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးလဲလှယ်ခြင်းအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိသော်လည်း တစ်ဖက်တွင် ကျောက်ကပ်တရားမဝင်ကုန်ကူးခြင်းများကိုအုပ်စုဖွဲ့၍ ဆောင်ရွက်သည်များလည်း ရှိနေပါသည်။ ၂၀၂၄ ခုနှစ်အတွင်း နယူးဒေလီမြို့မှ ရဲတပ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ရှိ ကျေးလက်ဒေသမှ နယူးဒေလီအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့် နိုင်ငံတကာကျောက်ကပ်ရောင်းဝယ်ရေးဂိုဏ်းတစ်ခုကိုဖော်ထုတ်နိုင်ခဲ့ပါသည်။ အဆိုပါအဖွဲ့နှင့်ဆက်နွှယ်နေသည်ဟုယူဆရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃ ဦးနှင့် အိန္ဒိယနိုင်ငံသား ၄ ဦးအပါအဝင် လူ ၇ ဦးကိုဖမ်းဆီးထားရှိပြီး အဆိုပါ ဖမ်းဆီးခံရသူများထဲတွင် Indraprastha Apollo ဆေးရုံမှ ဒေါက်တာ Vijaya Kumari ပါဝင်ပြီး ၎င်းသည် တရားမဝင်ကျောက်ကပ်အစားထိုးကုသမှုများကိုပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ဥပဒေအရ ကျောက်ကပ်လှူဒါန်းခွင့်အား သွေးသားရင်းဆွေမျိုးများကိုသာ ခွင့်ပြုပေးထားခြင်းဖြစ်ပြီး ကျောက်ကပ်ရောင်းချမှုသည် ဥပဒေနှင့်မညီသော တရားမဝင်လုပ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ အဆိုပါကိစ္စအားရှောင်လွှဲနိုင်ရန် တရားမဝင်ကျောက်ကပ်ရောင်းဝယ်ရေးဂိုဏ်းများသည် ဘင်္ဂလားဒေ့ရှ်အစိုးရဌာန၏ရုံးတံဆိပ်အားအသုံးပြု၍ လူနာနှင့်အလှူရှင်

သည် ရင်းနှီးသောဆွေမျိုးများဖြစ်ကြောင်း သက်သေအဖြစ်တင်ပြနိုင်ရန် စာရွက်စာတမ်းအတုများ ပြုလုပ်၍ ကျူးလွန်ကြသူများလည်းရှိကြောင်း တွေ့ရှိရပါသည်။

နယူးဒေလီရဲတပ်ဖွဲ့များ၏ပြောကြားချက်အရ ပြစ်မှုကျူးလွန်သူများသည် ကျောက်ကပ် သန့်စင်ကုသမှုခံယူနေရသော လူနာများနှင့်၎င်းတို့၏မိသားစုဝင်များကို ကျောက်ကပ်သန့်စင်မှုကို ထပ်ခါထပ်ခါခံယူရခြင်းထက် ကျောက်ကပ်အစားထိုးကုသမှုခံယူရခြင်းက ပိုမိုလွယ်ကူမည်ဖြစ် ကြောင်း ယုံကြည်အောင်ပြောကြားပြီး ငွေပေးချေမှုအတွက် အလှူရှင်ရှာဖွေခြင်းမှ ခွဲစိတ်မှုအထိ ကိစ္စအားလုံးအတွက်အေဂျင့်မှ အာမခံဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်အောင်ပြောကြားမှုများရှိ ကြောင်း တွေ့ရှိရပါသည်။ အဆိုပါပြစ်မှုကျူးလွန်သူများသည် ဘင်္ဂလားဒေ့ရှ်ကျေးလက်ဒေသမှ ဆင်းရဲသားနှင့် လူငယ်များကို ပစ်မှတ်ထားကာ ကျောက်ကပ်များကိုရောင်းချခြင်းဖြင့် အိန္ဒိယတွင် ငွေကြေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း ယုံကြည်အောင် ကတိပေး၍ တရားမဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- How the India-Bangladesh kidney trafficking racket works (dhakatribune.com)
- Organ transplantation in India: needs a bigger push - PMC (nih.gov)

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၄) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်

## Deepfake Image အသုံးပြု၍ လိင်ပိုင်းဆိုင်ရာ ရုပ်ပုံနှင့် ဗီဒီယိုများကို ပြုလုပ်ခြင်း၊ ဖြန့်ဝေခြင်းကိုပြစ်မှုအဖြစ်သတ်မှတ်ခြင်း

Deepfake Image အသုံးပြု၍ လိင်ပိုင်းဆိုင်ရာရုပ်ပုံနှင့်ဗီဒီယိုများကိုပြုလုပ်ခြင်း၊ ဖြန့်ဝေခြင်းကို Online Safety Act (2023)တွင် ဦးစားပေးပြစ်မှုတစ်ရပ်အဖြစ်ပြင်ဆင်ရန် အဆိုပြုထားကြောင်း ယူနိုက်တက်ကင်းတမ်း (UK) နိုင်ငံအစိုးရအဖွဲ့၏ ၁၆-၄-၂၀၂၄ ရက်နေ့ ထုတ်ပြန်ကြေညာချက်တွင် တွေ့ရှိရပါသည်။

Deepfake Image ဆိုသည်မှာ Artificial Intelligence(AI) နည်းပညာအကူအညီဖြင့် လူပုဂ္ဂိုလ်တစ်ဦး၏မျက်နှာကိုဖြစ်စေ၊ အသံကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦး၏မျက်နှာ သို့မဟုတ် အသံဖြင့်အစားထိုးကာ ရုပ်ပုံနှင့်ဗီဒီယိုများပြုလုပ်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် အမျိုးသမီးငယ်များနှင့်နာမည်ကျော်သရုပ်ဆောင်များ၏ရုပ်ပုံများကို Deepfake Image များအဖြစ် ပြောင်းလဲအသုံးပြု၍ လိင်ပိုင်းဆိုင်ရာရုပ်ပုံနှင့်ဗီဒီယိုများဖန်တီးကာ အွန်လိုင်းတွင်ဖြန့်ဝေခြင်း၊ ခြိမ်းခြောက်အနိုင်ကျင့်ခြင်းနှင့်ငွေကြေးတောင်းခံခြင်းစသည့် ပြစ်မှုများကို ကျူးလွန်ကြောင်းတွေ့ရှိရပါသည်။

မည်သူမဆို အခြားသူတစ်ဦး၏ရုပ်ပုံကို ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာဂရပ်ဖစ် (computer graphic) နည်းပညာ သို့မဟုတ် ဒီဂျီတယ်(digital)နည်းပညာအသုံးပြု၍ လိင်ပိုင်းဆိုင်ရာရုပ်ပုံနှင့် ဗီဒီယိုများပြုလုပ်ဖန်တီးခြင်းနှင့်ဖြန့်ဝေခြင်းကို Online Safety Act(2023)တွင် ပြစ်မှုအဖြစ်သတ်မှတ်ထားပြီး ပြစ်မှုကျူးလွန်သူအနေဖြင့် အများဆုံးထောင်ဒဏ် နှစ်နှစ်အထိ ကျခံနိုင်ကြောင်း တွေ့ရှိရပါသည်။

တရားစွဲအဖွဲ့အစည်းသည် ပြစ်မှုကျူးလွန်သူအားတရားစွဲဆိုရာတွင် ပြစ်မှုကျူးလွန်သူအနေဖြင့် Deepfake Image များပြုလုပ်ဖန်တီးခြင်းသည် ပြစ်မှုကိုကျူးလွန်ရန်ရည်ရွယ်ပြုလုပ်ခဲ့ခြင်းရှိ မရှိ ဆိုသည့်အချက်ကို သက်သေထင်ရှားတင်ပြရန်မလိုအပ်ဘဲ အရေးယူအပြစ်ပေးနိုင်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

References:

- Press release(https://www.gov.uk/government/news/government-cracks-down-on-deepfakes-creation)
- Criminalising deepfakes(https://www.herbertsmithfreehills.com/ notes /tmt/2024-05/criminalising-deepfakes-the-uks-new-offences-following-the-online-safety-act)

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၄) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်

## ဒုတိယကမ္ဘာစစ်အတွင်း အတင်းအဓမ္မအလုပ်စေခိုင်းခြင်းခံရသူများကို လျော်ကြေး ပေးစေရန်အတွက် တောင်ကိုရီးယားနိုင်ငံတရားရုံးက ဂျပန်ကုမ္ပဏီအပေါ်အမိန့်ချမှတ်ခြင်း

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်ခရိုင်တရားရုံး၏အယူခံဌာနခွဲသည်၂၂-၈-၂၀၂၄ရက်နေ့က အမိန့်တစ်ရပ်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်အရ ဂျပန်နိုင်ငံ Nippon Steel ကုမ္ပဏီသည် ဒုတိယကမ္ဘာစစ်အတွင်း အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းခံရသော ကိုရီးယားနိုင်ငံသားတစ်ဦး၏သားသမီး ၄ ဦးထံ ဝမ်သန်း ၁၀၀ ပေးလျော်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။

လျှောက်ထားသူတောင်ကိုရီးယားနိုင်ငံသားများက ၁၉၄၀ နှင့် ၁၉၄၂ ခုနှစ်အတွင်း Nippon Steel ကုမ္ပဏီအနေဖြင့် ၎င်းတို့၏မိဘများကို အတင်းအဓမ္မအလုပ်စေခိုင်းမှုအတွက် ဝမ်သန်း ၂၀၀ ရလိုကြောင်း လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ မူလတရားရုံးက လျှောက်ထားသူများ၏လျော်ကြေးတောင်းဆိုချက်သည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟူသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခဲ့ပါသည်။ ခရိုင်တရားရုံးက အဆိုပါမူလတရားရုံး၏ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၁၀ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ၏အုပ်ချုပ်မှုအောက်သို့ရောက်ရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း သိန်းနှင့်ချီသော တောင်ကိုရီးယားနိုင်ငံသားများသည် စက်ရုံနှင့်သတ္တုတွင်းလုပ်ငန်းများတွင် အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းခံခဲ့ရပါသည်။

၁၉၆၅ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံနှင့်ဂျပန်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်သည့် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပါသည်။ အဆိုပါစာချုပ်တွင် ဂျပန်နိုင်ငံက ကိုရီးယားနိုင်ငံအစိုးရထံ စီးပွားရေးအကူအညီအဖြစ် ဒေါ်လာသန်း ၅၀၀ ပေးရန် ဖော်ပြခဲ့ပါသည်။ ဂျပန်နိုင်ငံအစိုးရ၏ပြောကြားချက်အရ အဆိုပါအကူအညီသည် လျော်ကြေးအားလုံးအတွက် ပါဝင်ပြီးဖြစ်ကြောင်း ပြောကြားပါသည်။

သို့ရာတွင် အဆိုပါစာချုပ်သည် အတင်းအဓမ္မအလုပ်စေခိုင်းခံရသူများ၏ နစ်နာမှုများအတွက် တောင်းဆိုခြင်းကို တားမြစ်ထားခြင်း မရှိပါ။ ၂၀၁၈ ခုနှစ်တွင် တောင်ကိုရီယားနိုင်ငံ တရားရုံးချုပ်က ဒုတိယကမ္ဘာစစ်အတွင်းစက်ရုံများတွင် အတင်းအဓမ္မအလုပ်စေခိုင်းခံရသော တောင်ကိုရီးယားနိုင်ငံသားများအတွက် လျော်ကြေးပေးဆောင်စေရန် Mitsubishi အကြီးစားစက်မှုလုပ်ငန်းအပေါ် ချမှတ်ခဲ့သည့် အောက်တရားရုံး၏အမိန့်ကိုအတည်ပြုခဲ့ပါသည်။ ၂၀၂၃ခုနှစ်တွင်လည်း အတင်းအဓမ္မအလုပ်စေခိုင်းခံရသော ကိုရီးယားနိုင်ငံတစ်ဦးနှင့် အခြားအလုပ်သမားများ၏မိသားစုဝင် ၁၆ ဦးတို့အတွက် လျော်ကြေးငွေ ဝမ်သန်း ၂၀၀ ပေးဆောင်စေရန် Hitachi Zosen ကော်ပိုရေးရှင်းနှင့် Mitsubishi အကြီးစားစက်မှုလုပ်ငန်းတို့အပေါ် အလားတူ အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/08/south-korea-court-orders-japan-company-to-compensate-victims-of-forced-labor-during-ww-ll/

## ပြင်သစ်နိုင်ငံတွင် ထိန်းသိမ်းခြင်းခံလိုက်ရသည့် တယ်လီဂရမ်(Telegram) တည်ထောင်သူ Pavel Durov

တယ်လီဂရမ်(Telegram)တည်ထောင်သူ အသက် ၃၉ နှစ်အရွယ်ရှိ ရုရှားနိုင်ငံဖွား ပြင်သစ်နိုင်ငံသား Pavel Durov သည် ဩဂုတ်လ ၂၄ ရက်နေ့ညနေပိုင်းက ပဲရစ်မြို့ရှိ Le Bourget လေဆိပ်၌ ထိန်းသိမ်းခြင်းခံခဲ့ရကြောင်း သိရှိရပါသည်။

Mr.Durov သည် ၎င်း၏တယ်လီဂရမ် Messaging App တွင်တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ၊ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာဓာတ်ပုံများ ဖြန့်ဝေမှုများနှင့် လိမ်လည်မှုများကို တားဆီးရန် ပျက်ကွက်ခြင်း၊ အာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် စုံစမ်းစစ်ဆေးခံရခြင်းဖြစ်ကြောင်း ပဲရစ်အစိုးရရှေ့နေများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်း၏ရှေ့နေ David-Olivier Kaminski က တယ်လီဂရမ်သည် အခြားလူမှုကွန်ရက်အက်ပလီကေးရှင်းများနည်းတူ တူညီသောစံချိန်စံညွှန်းများဖြင့် ထိန်းချုပ်ထားခြင်းဖြစ်ပြီး ဥရောပဒီဂျစ်တယ်စည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာသည့်အက်ပလီကေးရှင်းဖြစ်ကြောင်း၊ Mr. Durov သည် အဆိုပါအက်ပလီကေးရှင်းမှတဆင့်ဖြစ်ပွားသည့် ရာဇဝတ်ဆိုင်ရာမှုခင်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်မှု မရှိကြောင်း ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ထို့ပြင် လူမှုကွန်ရက်ပလက်ဖောင်းများကိုအသုံးပြု၍ ကျူးလွန်သည့်ပြစ်မှုများတွင် အဆိုပါပလက်ဖောင်းတည်ထောင်သူကို ဖမ်းဆီးအရေးယူသည့်ဖြစ်စဉ်မျိုး ယခင်ကမရှိခဲ့ဖူးကြောင်း ပြောကြားခဲ့သည်ကို သိရှိရပါသည်။

လက်ရှိတွင် Mr. Durov ကို အာမခံငွေယူရို(၅)သန်း၊ တစ်ပတ်လျှင်(၂)ကြိမ် ရဲစခန်းသို့လာရောက်သတင်းပေးပို့ရန်နှင့် ပြင်သစ်နိုင်ငံနယ်နိမိတ်အတွင်းမှ ထွက်ခွာခြင်းမပြုရန်အချက်များပါဝင်သည့် ခံဝန်ကတိဖြင့် လွှတ်ပေးထားကြောင်း သိရှိရပါသည်။

Mr. Durov သည် တယ်လီဂရမ်ကို ၎င်း၏အစ်ကိုဖြစ်သူနှင့် ၂၀၁၃ ခုနှစ်မှစ၍ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝှမ်း၌ တယ်လီဂရမ်သုံးစွဲသူပေါင်း(၉၅၀)သန်းကျော်ရှိကြောင်း သိရှိရပါသည်။

တရားမစွဲမှီဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.bbc.com/news/articles/c985ppy0znyo
https://en.wikipedia.org/wiki/Telegram-(Software)

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

